# သခင့်စကား
## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါတို့အဖို့ ဤကျမ်းစာ၌ ရေးထားသမျှသော စကားတို့ကို
ဘိုးဘေးတို့သည် နားမထောင် မကျင့်ဘဲ နေသောကြောင့်
ထာဝရဘုရားသည် ငါတို့၌ ပြင်းစွာ အမျက်
ထွက်တော်မူလိမ့်မည်။ ၄ရာ ၂၂:၁၃


အမှတ်စဉ် (၁၇၅) မတ်လ ၂၀၁၅ ခုနှစ် ●မွေးနေ့ (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

**အချစ်သခင်နဲ့ စစ်ဘုရင်** မင်းအောင်သက်လွင်

အချစ်သခင်နဲ့ စစ်ဘုရင်

စစ်ဘုရင်က မြင်းစီး၊ အချစ်သခင်က မြည်းစီး
စစ်ဘုရင်က ဓါးကို ကိုင်မြှောက် ၊ အချစ်သခင်က သံလွင်ခက်ကို ကိုင်မြှောက်
စစ်ဘုရင် နောက်မှာ စစ်သည်ဗိုလ်ပါ
အချစ်သခင်က နောက်မှာ ကလေးသူငယ်တွေပါ။
စစ်ဘုရင်က စစ်ချီတဲ့ ခရာမှုတ် ၊ အချစ်သခင်က ငြိမ်းချမ်းရေး တံပိုးမှုတ်
စစ်ဘုရင်က စွန်ရဲတံဆိပ် ၊ အချစ်သခင်က ချိုးငှက် တံဆိပ်
စစ်ဘုရင်က မြှားချက် ပလူပျံ ၊ အချစ်သခင်က ပန်းပွင့်တွေ ပလူပျံ
စစ်ဘုရင်က အာဏာပြ ၊ အချစ်သခင်က မေတ္တာပြ
စစ်ဘုရင်က ကြမ်းတမ်း ၊ အချစ်သခင်က နူးညံ့
စစ်ဘုရင်က ကြုံးဝါး ၊ အချစ်သခင်က အပြုံးပွား
စစ်ဘုရင်က ပေါက်သောခြသေ့် ၊ အချစ်သခင်က နူးညံ့သော သိုးသူငယ်
စစ်ဘုရင်က အနီရဲရဲ ၊ အချစ်သခင်က ဖြူဖြူဖွေးဖွေး
စစ်ဘုရင်က တိုက်ခိုက်မဲ့ ခံတပ်တည်ဆောက်၊ အချစ်သခင်က ခိုလှုံမဲ့ ရဲတိုက်ဆောက်။
စစ်ဘုရင်က ချွေးသွေးထွက် ၊ အချစ်သခင်က ကျွေးမွေးမပျက်
စစ်ဘုရင်က မိုက်ကြွေးမိုက်ပြစ် ၊ အချစ်သခင်က ပိုက်ထွေးပတ်ရစ်
စစ်ဘုရင်က မသနား မညှာတာ ၊ အချစ်သခင်က ယုယ ကြင်နာ
စစ်ဘုရင်က ခြေဖဝါးနဲ့ နင်းချေ ၊ အချစ်သခင်က လက်ဖဝါးနဲ့ ပွတ်သပ်နေ
စစ်ဘုရင်က မီးဟုန်းဟုန်းတောက် ။ အချစ်သခင်က ငြိမ်းအေး အရိပ်အောက်။
စစ်ဘုရင်က ၁ပေ ၅း၈ ၊ အချစ်သခင်က ယော ၃း၁၆။ ။ (မင်းအောင်သက်လွင်)








-----------------------------------------

**သခင့်အရိပ်နဲ့ ပေးရင်** သိုးသူငယ် ဒါးက

သခင့်အရိပ်နဲ့ ပေးရင်-


လောကစီးပွား ရှာနေချိန်ဂယ် ၊ ပေါက်ဖား ဘဂနဲ့ ဖောက်စားရဲ့တဲ့
လခ က မလောက်ငှ ၊ မိသားစု အရေး
စားရေး သောက်ရေး စီးပွားရေး - -
အရေး ပေါင်းစုံနဲ့ လုံးပန်းရင်း သေရေးကို မေ့နေချိန်ဂယ်
လောကရေးမှာ နောက်မကျဖို့ အမှီလိုက်ရင်း
လောကီရေးရာ နောက်တန်း ရောက်နေချိန်ဂယ်။
သခင့်အရိပ်နဲ့ ပေးရင်း သေမင်းအရိပ် လွှမ်းမိုးချိန်ကျမှ
သခင့်အချစ် သတိရ နေရင်တော့ ၊ နောက်ကျနေမယ် မိတ်ဆွေ။ ။



---------------------------------

**သိုးထိန်းစစ်** Solomon James

သိုးထိန်းစစ်




ဘုရားသခင် အတွက် အမှုတော် ထမ်းရွက်တယ် ဆိုတာ အချိန်ပြည့် အချိန်ပိုင်း မရှိပါဘူး။ ဘုရားသခင် အတွက် အချိန်တိုင်း လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ အမေရိကန် နိုင်ငံက ပြည့်သူ့ရဲတွေ၊ မီးသတ်သမားတွေဟာ အချိန်တိုင်း တာဂန် ထမ်းနေ ရတာ ဖြစ်တယ်။ ရဲတွေ မီးသတ် သမား တွေ အစာ စားနေချိန်၊ နားနေချိန်မှာ တောင် အရေး ပေါ် အမိန့်၊ ဖုန်း၊ မက်စေ့၊ ပေဂျာ ဂင်လာရင် ချက်ခြင်း အလုပ်ရပ်ပြီး အခင်း ဖြစ်ပွားရာ နေရာကို ထွက်သွားရပါတယ်။ ဘုရား အမှုတော်ဆောင် ဆိုတာ အဲဒီ ပြည်သူ့ ဂန်ထမ်းတွေထက် ပို အရေး ကြီးပါတယ်။ ဘုရား အတွက် အချိန်တိုင်း အချိန်တိုင်း အစေခံဖို့ အသင့်ရှိတဲ့ သူ ဖြစ်ပါတယ်။ သိုးထိန်းစစ် ဆိုတာ ကျန်တဲ့ သိုး ကိုးဆယ့်ကိုးကောင်ကို လုံခြုံတဲ့ နေရာမှာ ထားခဲ့ပြီး။ ပျောက်သော သိုးတစ်ကောင်ကို မရမနေ သွားရှာရပါတယ်။ အသက် သေသေ၊ အရေ ခမ်းခမ်း၊ ပျောက်သော သိုးကို ရှာဖို့ ဂန်တာ ရှိသူ တာဂန် ထားသူသာ သိုးထိန်းစစ် ဖြစ် ပါသည်။ တဂန်ကျေ သက်သက် လုပ်ဆောင်သော သူသည် သိုးထိန်းညစ် သာ ဖြစ်ပြီး။ ဘုရားအစေကို အချိန်တိုင်း ခံသူသာ သိုးထိန်းစစ် ဖြစ်ပါသည်။ ။
Solomon James

**အသက်ရှင်သောယဇ်** **Samuel Soe Lwin**

အသက်ရှင်သောယဇ်

မပြော မပြီးမို့ ၊ ပြောရမည် ဆိုက ။ လူတိုင်း သူငါ ခံစားတတ်သူသာမို့
အပျော်များလည်း ငါလည်း နွဲလိုက်ချင်ပါရဲ့လေ..
ရင်ဖွင့် ရရင်လေ ခံစားချက် အထွေထွေက ရင်မှာပြည့်နှက်
ကွဲအက်ကာလေ ထွက်လုခြေပေါ့….
နားရှိတော့လည်း ကြားသိ ရပြန်တာက
ပြုစု စောင်းမြောင်း မလိုသူတွေ အကြောင်းလည်း
က မှ အ လေ။ ငါသိနေလည်း –
ငါ့ကိုယ် ငါ မပိုင် ၊ ခရစ်တော်သာ ပိုင်ခြေလေတော့
သခင့် ဘုန်းမဟာ ထွန်းတင့်ပါစေရေး
ဖွင့်ကာ မပြော တိတ်ဆိတ်စွာ ဘဝကိုနွဲလျှက်
ငါ ရှေ့ဆက်လျှက် ခံစားချက်ကို ငါ သိမ့်မျို၍ ကြားသည့်နားအား ပိတ်၍ထားသည်
အမှန်ဆိုရ ပြုလေသမျှ အဓိက က
သီးခံ ရင်ဆိုင်လှမ်းရသည်က ဘဝ ပန်းတိုင် ။ ။



-----------------------------------------

ထာဝရချစ်သူ

***ထာဝရချစ်သူ***{ချစ်သူများနေ့အထိမ်းအမှတ်} ဖွန်ပန်း



အချစ်စစ်နဲ့ ချစ်နိုင်မဲ့ ထာဝရ ချစ်သူကို ကျမ ရှာဖွေနေမိတယ်၊ အချစ်စစ်လို့ ထင်မိတဲ့ သူတွေ၊ ကျမ အားကိုးတဲ့ သူတွေ၊ အထင် ကြီးမိ တဲ့သူတွေ၊ အားလုံး အားလုံး၊ ကျမ ဝမ်းနည်း နေချိန်၊ ခက်ခဲနေချိန်၊ စိတ်ပျက် အားငယ်နေချိန် ကျမ ဘေးကနေ ရှောင် ပြေး ပျောက်ကွယ် သွားခဲ့တယ်၊ အဲ့ဒီအချိန် ကျမ ဘေးကို သူလေ ရောက်လာခဲ့တယ်၊ ကျမကို သူလေ အရမ်း ချစ်တယ်တဲ့။ ကျမ သူ့ကို မသိခဲ့ပေမဲ့ သူက ကျမရဲ့ နာမည်နဲ့ တကွ သိပြီး ချစ်နေခဲ့သူ ပါတဲ့၊ သူ့ကို သိပြီး သူ့အချစ်ကို လက်ခံဖို့ သူ အကြိမ်ကြိမ် ကျိုးစားခဲ့ပေမဲ့ ကျမ သူ့ကို သတိ မထားမိခဲ့ဘူး၊ သူ ဖွဲ မလျော့ခဲ့ဘူး၊ စိတ် မပျက်ခဲ့ဘူး၊ စိတ်ရှည် သီးခံပြီး၊ ခွင့်လွှတ်ခြင်း၊ နားလည်ခြင်း၊ အပြည့်နဲ့ သူ့အချစ်တွေကို တုန့် ပြန်မဲ့ အချိန်ထိ စိတ်ရှည်ရှည်နဲ့ စောင့်နေခဲ့တယ်။

သူ့ အချစ်တွေကို လက်မခံတဲ့ ကျမကို သူလေ စိတ်မပျက်ဘူး၊ နောက်ဆုတ် မသွား ဘူး။ အံ့သြစရာ သူ့ အချစ်တွေ တစ်စက်မှ လျော့မသွားဘူး၊ ပိုလို့တောင် တိုးပြီး ချစ် နေခဲ့ တယ်၊ ကျမ သွားတဲ့ နေရာတိုင်းမှာလဲ အရိပ် အဖြစ် လိုက်ပါ စောင့်ရှောက် ပေးတယ်၊ ဒါပေမဲ့ ကျမလေ သူ့ကို နေရာမပေး အသိအမှတ် မပြုခဲ့မိဘူး၊ ကျမရဲ့ တုန့်ပြန် မှုတွေ အပေါ်၊ သူလေ အပြစ်မယူဘဲ အမြဲတမ်း ခွင့်လွှတ် နားလည် ပေးခဲ့တယ်၊ စိတ်ပျက် အား ငယ်စရာတွေ၊ ဝမ်းနည်းမှုတွေ ခက်ခဲမှုတွေ၊ ကြုံလာတဲ့ ကျမကို သူလေ ပစ် မသွားဘူး၊ ကျမရဲ့ ဘေးကနေပြီး နှစ်သိမ့်ဖေးမမှုတွေနဲ့အတူ အခက်အခဲတွေကို ကူညီ ဖြေရှင်းဖြည့်ဆည်း ပေးခဲ့တယ်၊ သူ့ရဲ့ နက်ရှိုင်းတဲ့ အချစ်တွေက၊ ဒဏ်ရာတွေနဲ့ မာကြော နေတဲ့ ကျမရဲ့ နှလုံးသားကို ကူးစက် လောင်ကျွမ်း ပျော့ပျောင်း သွားစေခဲ့တယ်၊ သူ့ရဲ့ အချစ်တွေက အသိအမှတ် ပြုရလောက်အောင် တန်ခိုးကြီးပြီး ဆွဲငင်အား ကောင်း နေခဲ့တယ်၊ ကျမလေ ဟန်မဆောင်နိုင်တော့ဘူး၊ သူ့အချစ်တွေကို တုန့်ပြန် လက်ခံ လိုက်တယ်၊ သူ့လောက် မချစ်နိုင်တဲ့ ကျမ၊ အပြစ်တွေ များလွန်းတဲ့ ကျမ၊ သူ့ အချစ်နဲ့မထိုက်တန်တဲ့ ကျမကို သူကလေ၊ ထာဝရ ချစ်နေမယ်တဲ့၊ သူ့အချစ်တွေကို လက်ခံ လိုက်တဲ့ ကျမ ဘယ်တော့မှ နောင်တ မရစေရဘူး၊ ဘယ်တော့မှ ဝမ်းနည်း မှုတွေ၊ ခက်ခဲ မှုတွေ၊ မရှိစေရဘူးတဲ့ ရှာဖွေခဲ့တဲ့ အချစ်စစ်ကို ခုတော့ ကျမ တွေ့ရှိခဲ့ပြီ သူ့ရဲ့ အချစ်တွေနဲ့ မထိုက်တန်ပေမဲ့ ကျမကို တန်ဖိုးထားပြီး ချစ်တဲ့၊ ကျမရဲ့ ထာဝရ ချစ်သူ၊ ထာဝရသခင်၊ ထာဝရဘုရားအား ထာဝရ ချစ်ပါမည်ဟု။ အပြစ် များလှသော အကျွန်ုပ်တို့ကို ချစ်သော ကိုယ်တော်၏ ချစ်ခြင်းအတွက် လူသား အားလုံးကိုယ်စား၊ အထူး ကျေးဇူးတင်ရှိလျက် -
အားလုံးကိုချစ်တဲ့ - ဖွန်ပန်း



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၅ မတ်လ ၂၀၁၅ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂန္ဓဝင် ထုတ်ဝေသည်။


# အပြည်ပြည်ဆိုင်ရာအသည်းကွဲတဲ့နေ့

## အပြည်ပြည်ဆိုင်ရာအသဲကွဲသောနေ့ ( Good Friday) နော်အဲ



"လမ်းပေါ်မှာလည်း တွေ့နိုင်တယ်။ စာသင်ခန်းနှင့် လက်ဖက်ရည် ဆိုင်ထဲ... ... နိုင်ငံတကာ ဝေဒနာရှင်များအဖွဲ့ အမှတ်တရ ဖြစ်စေဖို့၊ ကမ္ဘာမှာ အပြည်ပြည်ဆိုင်ရာ အသဲကွဲသော နေ့ ကျေးဇူးပြုပြီး သတ်မှတ် ပေးပါ။" ဆိုတဲ့ သီချင်းလေးရဲ့ နောက်မှာ ချစ်သူ များနေ့ ရှိပြီး အပြည်ပြည်ဆိုင်ရာ အသဲကွဲသောနေ့ ဆိုတာ လုံးဝကို ရှိကို ရှိရမဲ့ နေ့လေး တစ်နေ့ ဖြစ်ရမယ်တဲ့။ စကားလုံးလေးကြောင့် မြန်မာပြည်သူ ပြည်သား တော်တော် များများက ဒီ နေ့လေးကို မသိကြရှာပါလားလို့ တွေးမိရင်း ဒီဆောင်းပါး စာလေးကို ရေးမိပါတယ်။

အပြည်ပြည်ဆိုင်ရာ အသည်းကွဲတဲ့နေ့ သိပ်ရှိတာပေါ့.... ဟိုးလွန်လေပြီးသော နှစ် များစွာ ကတည်းက သတ်မှတ်ပြီးသားပါ။ ယုံကြည်သူ မိတ်ဆွေတွေက ဒီနေ့ လေး ကို သိကြရဲ့လား? ။



တကယ်တန်းကျတော့ ဖြူစင်တဲ့ မေတ္တာ ပိုင်ရှင်လေး ၂ဦးကို သတိရ အောက် မေ့တဲ့နေ့ အဖြစ် ကျင်းပတဲ့ ဖေဖော်ဝါရီလ (၁၄) ရက်နေ့ကို ယခုခေတ် လူငယ်တွေက အရောင်စုံလင်တဲ့ ချစ်သူ များနေ့ အဖြစ် အခေါ်အဝေါ် တစ်မျိုးသာ ကျင်းပတဲ့နေ့လေး တစ်နေ့ ပါ။ International Holiday ထဲမှာ လုံးဝ မပါတဲ့ နေ့လေး တစ်နေ့ ဖြစ်ပါတယ်။ Good Friday လို့ခေါ်တဲ့ "အပြည်ပြည်ဆိုင်ရာ အသဲကွဲတဲ့နေ့" လေး ကသာ International Holiday ထဲမှာ နှစ်ရှည်လများစွာ ကတည်းက သတ်မှတ် ထားတဲ့ နေ့လေး တစ်နေ့ပါ။ ဒီလို နေ့မျိုးမှာ စိတ်မထိခိုက် မနာကျင်ခဲ့ရင် အသဲ မကွဲခဲ့ရင် ဘယ်လို နေ့မျိုးမှာ အသဲကွဲစရာ အကြောင်း ရှိခဲ့လို့လဲ။ လောက အလယ်မှာ ရှိနေတဲ့ ၅၂၈ နဲ့ ၁၅၀၀ ဆိုတဲ့ အချစ်ကလေးက အပေါ်ယံ ပါးပါးလေးပါ။ သိပ်ချစ်ရတဲ့ ချစ်သူ က ကိုယ့်ကို မေ့ပစ်လိုက်ပါတော့ဆိုတဲ့ စကားရိုးရိုးလေးနဲ့ ထားခဲ့တာဘဲ ဖြစ်ဖြစ် မိဘ များနဲ့ သေခြင်းတရားက ခွဲခွာ ပေးခဲ့ရုံလေးနဲ့ နာကျင် အသဲ ကွဲတတ်ကြရင် Good Friday ဆိုတဲ့ သခင်ယေရှု လျှောက် ခဲ့တဲ့ ဝေဒနာလမ်းက မိတ်ဆွေတို့ရဲ့ အသဲ မက ရိုးတွင်း ချဉ်ဆီ အထိပါ ကွဲအက် သွားနိုင်တယ်။

အပြည်ပြည်ဆိုင်ရာ အသဲကွဲသောနေ့ ဖြစ်တဲ့ Good Friday ဟာ မြန်မာပြည်ရဲ့ နွေရာသီ ကျောင်းပိတ်ရက် အတောအတွင်းမှာ ဖြစ်နေသလို မြန်မာပြည်ရှိ ခရစ်ယာန် တွေကလည်း မဟာသောကြာကြီးနေ့ လို့ ခေါ်ဝေါ်ထားတာကြောင့် ချစ်သူများနေ့ လောက် ဘယ်သူကမှ ရင်မခုန် စိတ်မလှုပ်ရှား ဂရုမစိုက် ခဲ့ကြပါဘူး။ မြန်မာလူမျိုး များရဲ့ မဟာသင်္ကြန် ဆိုတဲ့ နှစ်သစ်ကူး နေ့ကြီးက လူ တော်တော်များများရဲ့ ရင်ကို လွှမ်းမိုး ထားတယ်။ လူငယ်တွေကလည်း ပျော်ဖို့ ရွှင်ဖို့ ရေကစား ဖို့နဲ့ လူကြီး တွေကလည်း ဆိုင်တွေ ဈေးတွေ ပိတ်လို့ စားဖို့ သောက်ဖို့ အတွက် က လူတွေရဲ့ အသိစိတ်ကို အုပ်ချုပ်ထားတာကြောင့် အပြည်ပြည်ဆိုင်ရာ အသဲကွဲတဲ့နေ့ (Good Friday) မဟာ သောကြာကြီးနေ့ ဟာ မြန်မာပြည်မှာ မပေါ်လွင် မထင်ရှား ရခြင်းပဲ ဖြစ်ပါတယ်။ (စင်ကာပူ ဟောင်ကောင် အမေရိကန် ဩစတေးလျ နိုင်ငံတွေမှာတော့ အစိုးရ ရုံးပိတ်ရက်ဖြစ်လို့ အဲဒီနိုင်ငံက ဘယ်ဘာသာဝင် မဆို လူတွေ အားလုံး Good Friday ကို ကောင်းကောင်း သိကြပါတယ်။)

တခြား ဘာသာဝင်များက ဒီနေ့လေးကို အလေးမထား မသိခဲ့ကြပေမဲ့ နိုင်ငံ အသီးသီး မှာရှိတဲ့ ယုံကြည်သူ မိတ်ဆွေများက ဘုရားကျောင်းကိုလာပြီး ခရစ်တော်ရဲ့ ဝေဒနာခံခဲ့တဲ့ အကြောင်းလေးတွေကို နောင်လာ နောက်သားများထံ လက်ဆင့်ကမ်းကာ အပြစ်ဝန်ချ တောင်းပန်ရင်း အသဲကွဲရာနေ့လေးကို ဝမ်းနည်း ကြေကွဲစွာနဲ့ နှစ်စဉ် နှစ်တိုင်း ကျင်းပကြပါတယ်။ ပျော်ပွဲ ရွှင်ပွဲတွေသာ အများပြည်သူတွေ သိအောင် ပျော်ရွှင် ခဲ့ကြပေမဲ့ ဝမ်းနည်းစရာနဲ့ ကြုံလာရင်တော့ လူများ မသိအောင် တိတ်တိတ် ကလေး မျက်ရည် စီးကျခဲ့တာ လူ့သဘော သဘာဝ မဟုတ်ပေဘူးလား။ ယေရှု မွေးပြီး နောက် အန္တရာယ် အမျိုးမျိုးနဲ့ ကင်းအောင် မိဘ ၂ပါးက အနယ်နယ် အရပ်ရပ်ကို ပုန်းရှောင်ထွက်ပြေး ရတယ်။ အသက် ၁၂ အရွယ်က ဘုရားကျောင်းမှာ မိဘ၂ ပါး မသိဘဲ ကျန်ခဲ့လို့ ပူပန်ခြင်းများစွာဖြင့် ချွေးတရွှဲရွှဲနဲ့ မတွေ့တွေ့အောင် ရှာဖွေခဲ့ရပြန် တယ်။ သို့သော် မယ်တော်မာရိရဲ့ တစ်ဦးတည်းသော သားလေး သခင်ယေရှု ဟာ အသက် ၃၃နှစ် အရွယ်မှာတော့ နေပူကျဲကျဲထဲ သူ့ကို တင်မဲ့ ကားတိုင်ကြီးကို မနိုင်မနင်းနဲ့ ထမ်းပြီး ဆူးဦးရစ်ကို ဆောင်းကာ ကရာနီကုန်းပေါ် တက်ခဲ့ရတယ်။ ဆေးရုံပေါ်မှာ အောက်ဆီဂျင်ကို ရှူပြီး သက်သက်သာသာလေး အသက်ထွက်ဖို့ နေနေ သာသာ ခြေကုန်း လက်ပန်းကျနေတဲ့ အကြား ကြာပွတ်နဲ့ အရိုက် ခံရတယ်။ အဖြစ်ဆိုးလိုက်တဲ့ သေခြင်းတရား.. ဒီဖြစ်ရပ်ကို မြင်ရတဲ့ မိခင်ကြီး မယ်တော်မာရိ ဘယ်လောက်တောင် ရင်ကွဲနာ ကျရမလဲဆိုတာ စဉ်းစားကြည့်ကြပေတော့။ မိတ်ဆွေတို့လည်း ခရစ်တော်ရဲ့ ဝေဒနာ ခရီးကို ကိုယ်ချင်းစာ နားလည် ခံစားတတ်ကြမှာပါ။

ဒါကြောင့် ကမ္ဘာ့နိုင်ငံ အသီးသီးက International Holiday ရဲ့ တရားဝင် နေ့လေး တနေ့ ဖြစ်တဲ့ Good Friday ကို *အပြည်ပြည်ဆိုင်ရာ* အသဲကွဲတဲ့နေ့ အဖြစ် သတ်မှတ်ကြရင်လည်း မမှားပါဘူး။ ရှင်လုကာ ၂၃း ၄၄- ၄၆။ ထိုအချိန်သည် မွန်းတည့် အချိန်လောက်ဖြစ်ပြီး သုံးချက်တီး အချိန်တိုင်အောင် မြေတပြင်လုံး၌ မှောင်မိုက်အတိဖြစ်လေ၏။ နေရောင် ကွယ်ပျောက်လေ၏။ ဗိမာန်တော်၏ ကန့်လန့်ကာသည် နှစ်ဖြာကွဲလေ၏။ ယေရှုသည်လည်း ကြီးသောအသံနှင့် ကြွေးကြော် တော်မူပြီးလျှင် အိုအဖ အကျွန်ုပ် ၏ စိတ်ဝိညာဉ်ကို ကိုယ်တော် လက်သို့အပ်ပါ၏။ ဟုမိန့်တော်မူလျှက် အသက် ချုပ်တော်မူလေ၏။)) Good Friday အမှတ်တရ - ချစ်တဲ့ - နော်အဲ။ ကိုင်းပြင်ကြီး ကရင်နှစ်ခြင်းအသင်းတော်၊ ဆရာစံသာသနာနယ်။

----------------------------------------

# ကိုယ်တော့်ကိုချစ်သလား

## ကိုယ်တော့်ကိုချစ်သလား စပျစ်နွယ်



တစ်နေ့တော့ ဒီမေးခွန်းကို ဆရာ တစ်ယောက်က ကျမကို မေးခဲ့ပါတယ်။ ဒီ မေးခွန်းလေးကို ယုံကြည်သူ သားသမီး တိုင်း ကိုယ့်ကိုယ်ကို အကြိမ်ကြိမ် မေးမိ ကြ မယ်လို့ မျှော်လင့်ပါတယ်။ ၂၀၀၅ ခုနှစ်လောက်တုံးက မှတ်မိသလောက် ယုဒ အနမ်း ဆိုတဲ့ ဆောင်းပါး တစ်ပုဒ်ကို ကျမ ဖတ်မိပါတယ်။ ယုဒ ရှကာယုတ်က ကိုယ်တော့်ကို နမ်းပြီး ငွေ သုံးဆယ်နှင့် ရောင်းစားခဲ့ပါသည်။ ဒါပေမဲ့ ကိုယ်တော်က တလောက လုံးရဲ့ ကယ်တင်ရှင် ဖြစ်ခဲ့ပါသည်။ အဲဒီ ဆောင်းပါးကို ဖတ်ပြီးတော့ ကျမ ကိုယ်တော့်ကို ချစ်သလား လို့ ကိုယ့်ကိုယ်ကို အကြိမ် ကြိမ် မေးခဲ့ပါသည်။ တပည့်တော် တွေထဲမှ ပေတရု ကို ကျမ သတိရ လိုက်ပါသည်။ ကျမ်းစာအရ တပည့်တော်တွေထဲမှ ပေတရု သည် ကိုယ်တော့်ကို အချစ် ဆုံးဟု သိရပါသည်။ ကိုယ်တော်ရဲ့ နောက်ဆုံး တလောက လုံး အပြစ်သားတွေအတွက် အသက်စွန့်သော နောက်ဆုံးခရီးစဉ်မှာ ကိုယ်တော့်ကို သုံးကြိမ် တိုင်တိုင် ငြင်းပယ်မယ်လို့ ကိုယ်တော်က သိတယ်။ ကိုယ်တော့်ကို သုံးကြိမ် တိုင် ငြင်းပယ်ပြီးချိန်မှာ ပေတရု ဘယ်လို ခံစားရမလဲ။

ကျမရဲ့ မိဘ နှစ်ပါးစလုံးနဲ့ မိသားစုဝင်က မယုံကြည်သူတွေ ဖြစ်ပါတယ်။ ကျမ မှာ မွေးချင်း အစ်ကို တစ်ယောက်နဲ့ အစ်မ နှစ်ယောက်ရှိပါတယ်။ အစ်ကိုက ယုံကြည်သူ အသိုင်းအဝိုင်းကြားမှာ အသက်ရှင်ကြီးပြင်းလာလို့ ဘုရားသခင်ကို အရင် ဦးဆုံး သက်ဝင် ယုံကြည်ခဲ့သူ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက ရပ်ဝေးမှာ နေထိုင်တဲ့ သူ ဖြစ် ပါတယ်။ ကျမ ရှစ်နှစ် အရွယ်လောက်မှာ သွေးလွန်တုပ်ကွေး ရောဂါနဲ့ ကြုံတွေ့ ခဲ့ရ ပါတယ်။ အဲဒီအချိန်မှာ ခရစ်တော်ကို မရသေးပါဘူး။ အသက်ကယ်ဆေး ခြောက် လုံးနဲ့ သွေး ၂ ပုလင်း သွင်းခဲ့ရပါတယ်။ ဒီသွေး မသွင်းနိုင်ရင် နောက်ထပ် နာရီဝက် အကြာမှာ သေသွားမယ်လို့ ဆရာဝန်က ပြောပါတယ်။ အဲဒီအချိန်မှာ အမေ့ရဲ့ ပြောပြချက် အရ ကျမတို့ နေထိုင်တဲ့ မြို့က ဘုရားကျောင်းက သင်းအုပ်ဆရာနဲ့ ဆရာမ တစ်ယောက် လာ ဆုတောင်း ပေးသွားတယ်တဲ့။ အမှုမဲ့ အမှတ်မဲ့တော့ မဟုတ် ပါဘူး။ ကျမ အသက်ရှင်ခွင့် ပြန်ရခဲ့ပါတယ်။ ကျမ ၁၂ နှစ်အရွယ်မှာ ဘုရားကျောင်းကို ရောက်သွားခဲ့ပါတယ်။ စန်းဒေးစကူး သွားတက်ပါတယ်။ ကျမကို ဆုလာတောင်းပေးတဲ့ ဆရာမက ကျမကို ဘုရားသခင်ဟာ အသက်ရှင်တဲ့ ဘုရား ဖြစ်ကြောင်း ခေါ်ရင် ထူးတဲ့ ဘုရားဖြစ်ကြောင်း ရှင်းပြခဲ့ပါတယ်။ အဲဒီအချိန်က စပြီး ဘုရားသခင်ကို ကျမ စွဲလန်းမိခဲ့ပါတယ်။ ည တစ်ညမှာ တစ်အိမ်သားလုံး အိပ်ပျော်နေချိန်မှာ အိမ်မက်လိုလို ကျမ မြင်မက် မိပါတယ်။ တိမ်လိပ်တွေ တစ်လိပ်ပြီး တစ်လိပ်နဲ့ သိပ်ကြည့် လို့ကောင်းပါတယ်။ တိမ်တိုက်ထဲမှာ ကိုယ်တော့်ကို ကျမ ရှာနေတယ်။ ကိုယ်တော့် ကို နှလုံးသားထဲကရော နှုတ်ကပါ ပြောနေပါတယ်။ ဘုရားသခင်သာ အသက် ရှင်မယ် ဆိုရင် ကျမ လက်ကို ကိုင်တော်မူပါလို့ပြောပြီး ကျမ လက်ကို ပေးခဲ့ ပါတယ်။ တကယ်တော့ ကိုယ်တော်က ကျမကို အဲဒီ ညမှာဘဲ လက်ခံလိုက်ပါပြီ။

နောက်ထပ် ၂နှစ်အတွင်း အဲဒီ ညက အဖြစ်အပျက်လေးကို မေ့သလောက် ဖြစ်သွား ခဲ့ပါတယ်။ အသိုင်းအဝိုင်းက မယုံကြည်သူတွေနဲ့ဘဲ သွားလာခဲ့ပါတယ်။ ယေရှုဘုရားဟာ တစ်ကယ်ဘဲ အသက်ရှင်တဲ့ ဘုရားစစ် ဘုရားမှန် ဖြစ်ပါတယ်။ ကျမ အသက် ၁၄ နှစ်လောက်မှာ အမေ က ဘုရားကျောင်းက အန်တီတွေ ခေါ်လို့ ဆရာ ယုဒသန် နေ့ အစီအစဉ်လေးကို လိုက်သွားခဲ့ပါတယ်။ အဲဒီမှာ ဘုရားသခင်ရဲ့ အံ့သြဘွယ် နိမိတ်လက္ခဏာ ဖြစ်ခဲ့ပါတယ်။ ကျမရဲ့ မိခင်က အိမ်ပြန်ရောက်တော့



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၅ မတ်လ ၂၀၁၅ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ခရစ်တော်ကို လက်ခံမယ်လို့ပြောလာပါတယ်။ အဲဒီတော့ အဖေရော ကျမပါ သုံးယောက် စလုံး နှစ်ခြင်းမင်္ဂလာ ခံယူခဲ့ပါတယ်။ နောက်ပိုင်းမှာ ကိုယ်တော်နဲ့ဘဲ သွားလာ နေထိုင်ခဲ့ပါတယ်။ ကိုယ်တော်မှတပါး ဆိုသလိုပေါ့။ အခြားသော မင်္ဂလာ မရှိခဲ့ပါဘူး။ ကျော်ဖြတ်လာခဲ့တဲ့ နေ့ရက်တွေမှာ ကိုယ်တော် အစဉ် ပါခဲ့ပေမဲ့ ကိုယ်တော့် ကို ချစ်လားလို့ မေးလာခဲ့ရင် အဖြေ မရှိခဲ့ပါဘူး။ ကိုယ်တော့်ကို ချည်းကပ်ကိုးကွယ်ရှု သက်သက်ပါ။ ဒေသနာကျမ်း ၇း၂၉ ဘုရားသခင်သည် လူကို ဖြောင့်မတ်အောင် ဖန်ဆင်းတော်မူသော်လဲ လူတို့သည် များပြာသော အကြံအစည်တို့ကို ရှာဖွေကြံစည်ကြပြီ။

၂၀၀၈ ခုနှစ်လောက်မှာ ရောဂါတစ်ခုနဲ့ ရင်ဆိုင်ရပြန်ပါတယ်။ အဲဒီအချိန်က စပြီး စိတ်ဓါတ်ကျတယ်။ ရောဂါဆိုး ဖြစ်လာမှာကိုကြောက်တယ်။ အလိုလိုနေရင်း အားငယ် မျက်ရည်ကျတယ်။ ကိုယ်တော့်အတွက် ဆိုတာ လုံး၀ မဟုတ်ခဲ့ပါဘူး။ ကိုယ်တော် အလို မရှိရင် လုံး၀ မဖြစ်ဘူးဆိုတာ သိခဲ့တယ်။ ၂၀၁၂ ခုနှစ် တစ်မနက်မှာ အိပ်ယာက ထပြီး ဘုရားရှိခိုးဖို့ ထိုင်ခုံပေါ် ထိုင်လိုက်တယ်။ အားငယ်စိတ် နှိမ့်ချစိတ်နဲ့ ဘုရားသခင် ဆီတိုး၀င်ခဲ့တယ်။ မျက်ရည်တွေ ကျလာတယ်။ လက် ကလဲ အလိုလို နေရင်း စာရွက်ပေါ် ရေးချလိုက်တာက ကိုယ်တော့်ကို ချစ်တယ် ဆိုတဲ့ စာသားလေး ပါဘဲ။ နလုံးသားက တွန်းပို့လိုက်ခြင်းပါဘဲ။ ကျမ အံ့သြမိသွားတယ်။ အဲဒီအချိန်မှာ ကျမ ဆုတောင်း လိုက်မိပါတယ်။ ကိုယ်တော်က လူသားတွေကို တဖက်သတ် မေတ္တာနဲ့ ချစ်တယ်။ ကျမ ကရော သြတ္တပစိတ် ကြည်လင်စွာနဲ့ ချစ်နိုင်ဖို့ ဘုရားရှင်ရဲ့ ပေးနိုင်တဲ့ ခွန်အားကို တောင်းခံခဲ့ပါတယ်။ ကိုယ်တော့်ကို ချစ်တယ်လို့ မပြောရဲခဲ့ပေမဲ့ ဘုရားသခင်က ကောင်းကြီးပေးလို့ ရတယ်ဆိုတာ သိလိုက်ရတယ်။ အဲဒီက စပြီး မဿဲ ၆း၂၂။ လုကာ ၁၁း၃၄။ မျက်စိကား ကိုယ်၏ ဆီမီး ဖြစ်၏။ ထို့ကြောင့် မျက်စိကြည်လျှင် တစ်ကိုယ်လုံး လင်းလိမ့်မည်။ မျက်စိ မှေးရှက်လျှင် တစ်ကိုယ်လုံး မိုက်လိမ့်မည်။ ပထမဦးဆုံး ဆင်ခြင်မိလိုက်တာကတော့ ကျမမှာ မယုံကြည်သူ အစ်မ ၂ ယောက်နဲ့ မိသားစု ရှိတယ်။ သူတို့တွေ ကယ်တင်ပိုင်ရှင်ကို မသိကြသေးပါလား။ ကိုယ်တော်က လူတွေကို ချစ်တယ်ဆိုတာ တစ်ခါတည်း သင်ပေးခဲ့ပါတယ်။ ကိုယ်တော်က ကျမ ကို မျိုးစေ့ကြဲ စေခဲ့တယ်။ ကိုယ်တော်က အပင်ပေါက် စေခဲ့ပါ တယ်။ ကိုယ်တော်ဟာ ငြိမ်သက်ခြင်း အရှင် အံ့သြဘွယ် တိုင်ပင်ဘက် တန်ခိုး ကြီးသော ဘုရား ဖြစ်ပါတယ်။ ကိုယ်တော့်ကို လက်ခံသူတိုင်း အားငယ်စိတ် ကြေက်ရွံ့ စိတ်တွေ ရောဂါဆိုးဘေး။ ကျိန်ခြင်း အမင်္ဂလာတွေကို ကိုယ်တော်ရဲ့ အသွေးတော်နဲ့ ဆေးကြောပြီး ကားတိုင်ပေါ် ကနေ ယူသွားပြီး ဖြစ်ပါတယ်။ ကျမ လက်တွေ့ ထိတွေ့ ခံစားလိုက်ရတာကတော့ ကိုယ်က သူများကို ချစ်တာထက် ကိုယ့်ကို လူတွေ အသိုင်းအဝိုင်းတွေ ထိတွေ့ ဆက်ဆံလာရတဲ့ သူတွေက ကိုယ့်ကို ဘယ်လောက် ချစ်လဲ ဆိုတာကို အမြင် ကြည်လင်စွာ မြင်တွေ့လာနိုင်တယ်။ ကိုယ်တော့်ကို ချစ်ရင် ကိုယ်တော် ဖန်ဆင်းတဲ့ လူသားတွေကို ကိုယ်တော်ရဲ့ အကြောင်းလေး အနည်းငယ်ကို နှုတ်ဖြင့်ဖြစ်စေ။ စာဖြင့်ဖြစ်စေ။ အပြုံးတစ်ပွင့်ဖြင့် ဖြစ်စေ။ သက်သေခံများ ဖြစ်ကြရအောင် ယေရှုနာမ၌ သက်သေခံပါ၏။ မဿ ၈း၂၀။ လုကာ ၉း၅၈ ယေရှုကလဲ မြေခွေး သည် မြေတွင်းရှိ၏ မိုးကောင်းကင်၌ ကျင်လည် သော ငှက်သည် နားနေရာ အရပ် ရှိ၏။ လူသားမူကား ခေါင်းချစရာမျှ မရှိဟု မိန့်တော်မူ၏။ ။ စပျစ်နွယ်

---

## ကောင်းကင်တမန် ကောင်းကင်တမန် **ဆယ်မြူရယ် စိုးလွင်**

*၁။ ကောင်းကင်တမန်တို့၏ သဘောသဘာ၀။*



ကျ။ နံ့၀ိညာဉ်များဖြစ်ခြင်း။ ကောင်းကင်တမန်များသည် ကျွန်ုပ်တို့ကဲ့သို့ ရုပ်ခန္ဓာ မရှိ ကြသလို၊ ဘုရားရှင်ကဲ့သို့ အနန္တ မျက်မှောက်တော် တန်ခိုးလည်းမရှိကြပါ၊ နေရာ တနေရာ တွင် တစ်ကြိမ်သာ ရှိ၍ နေထိုင်ကာသွားလာနိုင်သော ဖန်ဆင်းခံများ ဖြစ်ကြသော်လည်း။ နာမ်ခန္ဓာသာ ရှိ၍ ရုပ်ခန္ဓာမရှိကြပါ။ သမ္မာကျမ်းစာတွင် ကောင်းကင် တမန် များ၏ အမည်နာမများကိုပင် ဖေါ်ပြထားပါသည်။ ဘုရားရှင် သည် "မိမိ တမန် တို့ကို လေကဲ့သို့၎င်း၊ မိမိအစေအပါးတို့ကို မီးလျှံ ကဲ့သို့၎င်း" ( ဆာလံ ၁၀၄း၄ ) ဖန်ဆင်း တော်မူ၏။ ဟေဗြဲ ၁း၁၄ တွင် "ကောင်းကင် တမန်များသည် စေလွှတ် တော်မူသော အစေခံ နံ့၀ိညာဉ်ဖြစ်ကြသည် မဟုတ်လော"ဟု ဆိုထားလေသည်။ နံ့ ၀ိညာဉ်များ ဖြစ်ကြသော ကောင်းကင်တမန်တို့သည် လိုအပ်က လူတို့ထံတွင် ရုပ်ခန္ဓာ အားဖြင့် ကိုယ်ထင်ရှားပြနိုင်စွမ်း ရှိကြလေသည်။ ကမ္ဘာဦးကျမ်း အခန်းကြီး ၁၈ တွင် အာဗြဟံ ထံသို့ ကောင်းကင်တမန် သုံးပါးကိုယ်ထင်ပြခဲ့လေသည်။

ခ။ ဖန်ဆင်းခံများဖြစ်ခြင်း။ ဆာလံ ၁၄၈း၂၅ တွင် "ကောင်းကင်တမန်အပေါင်းတို့ ထာ၀ရ ဘုရားကို ချီးမွမ်းကြလော... ဖန်ဆင်းတော်မူသောကြောင့် ချီးမွမ်းကြလော့" ဟူ၍ ဖေါ်ပြပါသည်။ ကောင်းကင်တမန် တို့သည် ဖန်ဆင်းခံများ ဖြစ်သော အကြောင်းကို ရှင်ပေါလုက ကောလောသဲ ၁း၁၆ တွင် " ထိုသားတော်သည် ... ရူပအရာ၊ အရူပအရာ တို့ကို ဖန်ဆင်းတော်မူ၏" ဟုဆိုထားသည့် အတွက် ဘယ်အချိန်၌ ဘုရားရှင် ဖန်ဆင်းခဲ့သည်ကို မည်သူမျှ မသိနိုင်ပြားလည်း၊ ယောဘ ၃၈း၄–၇ တွင် ဘုရားရှင်က ကောင်းကင်နှင့် မြေကြီး ကို ဖန်ဆင်းစဉ် ကောင်းကင်တမန်တို့သည် ၀မ်းမြောက်၍ ကြွေးကြော် ကြောင်းကို ထောက်က ကမ္ဘာမတည်မှီ ဖန်ဆင်းခဲ့ကြောင်း ထောက်ရှုနိုင်ပေသည်။

ဂ။ ကောင်းကင်တမန်အရေအတွက်။ မည်သူမှ ကောင်းကင်တမန် အရေအတွက်ကို မသိရ သော်လည်း အရေအတွက် အလွန်များစွာရှိကြောင်းကိုတော့ သိနိုင်ပါသည်။ ရှင်ယောဟန်က "ကုဋေသင်္ချေမက အတိုင်းမသိ များစွာသော ကောင်းကင်တမန်" တို့ကို တွေ့မြင်ရကြောင်း ( ဗျာဒိတ် ၅း၁၁ )တွင် ဖေါ်ပြထားသည်။ ဒံယေလကလည်း ထို့အတူ ဖေါ်ပြသည် ( ဒံယေလ ၇း၁၀)။ တဖန် ဟေဗြဲ ၁၂း၂၂ တွင်လည်း "အတိုင်းမသိ များစွာသော" ကောင်းကင်တမန်များဟူ၍ ဖေါ်ပြထားသည့်အတွက် ဘုရား၏ လူတို့ တွေ့မြင် ရသော ကောင်းကင်တမန်တို့သည် များပြားလှကြောင်း ထင်ရှား လှပေတော့သည်။

ဃ။ ကောင်းကင်တမန်တို့၏ အဆင့်အတန်းများ။ ကောလောသဲ ၁း၁၆ တွင် ကွဲပြားခြားနားသော ရာဇပလ္လင်၊ အစိုးတရ၊ အထွဋ်ဖြင့် ညွှန်ပြထားသည်၊ ကောင်းကင် တမန်မင်း မိက္ခေလသည် မောရှေ၏ ရုပ်ကြွင်းခန္ဓာအား အကြောင်းပြု၍ မာရ်နတ်မင်းနှင့် ငြင်းခုံ သောအခါ ကောင်းကင်တမန်မင်း မိက္ခေလက တိုက်ရိုက်ကဲ့ရဲ့ပြစ်တင်ခြင်း မပြုခြင်း က အလွှာအဆင့်ကို ထင်ရှားစွာပေါ်လွင်စေသည် (ယုဒ ၉ )။ ထိုအရာတို့ကို ကြည့်ခြင်း အားဖြင့် စစ်တပ်ကဲ့သို့ ရာထူးအဆင့်တို့သည် ကွဲပြားကြမည်မှာ ထင်ရှားလှသည်။

င။ ကောင်းကင်တမန်တို့၏ ကြီးမားသောခွန်အားနှင့်ပညာ။ ကောင်းကင်တမန်တို့သည် "တန်ခိုးကြီး" ကြောင်းကို ဆာလံ ၁၀၃း၂၀ တွင်တွေ့ရသည်၊ သူတို့သည် တန်ခိုးအရာ ဥာဏ် အရာတွင် လူသားဖြစ်သော မိစ္ဆာဆရာတို့ထက် သာလွန်၏ ( ၂ ပေ ၂း ၁၁)။ ကောင်းကင် တမန် တပါးသည် ခရစ်တော်၏ ထမြောက်ခြင်း၌ ကြီးမားသောကျောက်ဂူမှ ကျောက်တုံး ကို ဖွင့်ပေးခဲ့သည် ( မဿဲ ၂၈း၂ )။ ယေဇကျေလ ၂၈း၁၂ တွင် စာတန် ( ကောင်းကင် တမန် ) သည် "ပညာနှင့်ပြည့်စုံ" သည်ဟုဖေါ်ပြထားသည်။ ကောင်းကင်တမန် တို့သည် ကျွန်ုပ်တို့ကဲ့သို့ ရုပ်ခန္ဓာ မရှိသောကြောင့်၎င်း၊ နာမ်ခန္ဓာအဖြစ်မို့၎င်း၊ ကျွန်ုပ် တို့ကဲ့သို့ အကန့်အသတ် မရှိကြပါ။

*၂။ ကောင်းကင်တမန်များကျဆင်းခြင်း။* အာဒံအား ဖန်ဆင်းခြင်း မတိုင်မှီ အမြင့်ဆုံးသော ကောင်းကင်တမန် (စာတန်) သည် ဘုရားရှင်အား ပုန်ကန်ဆန့်ကျင်၍ အပြစ်၌ ကျဆင်း ခဲ့ရာ၊ ၎င်းနှင့်အတူ အခြားသော ကောင်းကင်တမန် အချို့လည်း ကျဆင်း ခဲ့ကြလေသည်။ ယေဇကျေလ ၂၈း၁၅ တွင် အပြစ်တရားသည် မာန်မာနနှင့် အတူ ဘုရားကဲ့သို့ ဖြစ်လိုခြင်း၊ ဘုရားပလ္လင်တော်ကို လုယူရန် အားထုတ်ကြိုးပမ်းခြင်းမှ စတင် ခဲ့ခြင်းပင်ဖြစ်သည် (ဟေရှာယ ၁၄း၁၂–၁၅)။ ဗျာဒိတ် ၁၂း၄ အရ အများစုက ယုံကြည်ကြသည်မှာ သုံးစု တစုသော ကောင်းကင်တမန်တို့အား စာတန်က သူနှင့် အတူ စည်းရုံး သိမ်းသွင်းထားကြောင်း ယုံကြည်လက်ခံထားကြသည်။ ယုဒ ၆ တွင်လည်း ၎င်းတို့အား " မိမိတို့အခွင့်အရာကို မစောင့်၊ မိမိတို့နေရာ အရပ်ကိုစွန့်ပစ်သော ကောင်းကင် တမန်" တို့၏ အဖြစ်ကို တွေ့ရသလို၊ ၂ ပေ ၂း၄ တွင် ဘုရားရှင်က ပြစ်မှား သော ကောင်းကင်တမန်တို့အား နှမြောတော်မမူကြောင်း ဖေါ်ပြ အသိ ပေးထားသည်။ အပြစ်၌ ကျဆင်းသော ထို ကောင်းကင်တမန်တို့အား သမ္မာကျမ်းစာက နတ်ဆိုး၊ ၀ိညာဉ် ဆိုးများ အဖြစ်ဖေါ်ပြထားလေသည်။

*၃။ ကောင်းသော ကောင်းကင်တမန်တို့၏ လုပ်ဆောင်မှုများ။*

က။ ဘုရားရှင်အား ကိုးကွယ်ကြခြင်း။ ဗျာဒိတ် ၅း၁၁–၁၂ တွင် ကဋေ သင်္ချေမက အတိုင်း မသိ များစွာ သော ကောင်းကင်တမန်တို့က ဘုရားရှင်၏ ပလ္လင်တော်ရှေ့၀ယ် " သိုးသငယ် တော်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းကြီးမင်္ဂလာ ကိုခံထိုက်တော်မူ၏" ဟူ၍ ကြွေးကြော်ကြသကဲ့သို့၊ ဗျာဒိတ် ၄ တွင်လည်း အသက်ရှိသောဖန်ဆင်းခံ ကောင်းကင်တမန်တို့က နေ့ညမပြတ် "ဘုရားသခင်သည် သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏" ဟုကြွေးကြော်လေသည် (ဗျာဒိတ် ၄း၈၊ ဟေရှာယ ၆း၃)။ ဆာလံ ၁၄၈း၂ တွင်၎င်း၊ ဟေဗြဲ ၁း၆ တွင်၎င်း ကောင်းကင်တမန်တို့သည် ပြပ်၀ပ်ကိုးကွယ်ကြစေဟု အမိန့်တော်ရှိထားကြောင်း သိရလေသည်။ ကောင်းကင်တမန်တို့သည်၊ အခြားအခြားသော အင်နီး



သခင့်စကား ၀ိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၅ မတ်လ ၂၀၁၅ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချီရန် ဣန်ုသတ် ထုတ်ဝေသည်။

အတာများကို လုပ်ဆောင်သကဲ့သို့ ကိုးကွယ်ခြင်းသည် အလွန်အကြီးမားဆုံးသော အငန်း အတာဖြစ်လေသည်။



ခ။ ဘုရားရှင်အား ခစားကြခြင်း။ ဆာလံ ၁၀၃း၂၀ တွင် ဘုရားရှင်၏ ဤလိုတော် အတိုင်း အမှု ထမ်းကြကြောင်း ဖေါ်ပြသကဲ့သို့ ကောင်းကင်တမန်တပါးသည် သနာ ခရိပ်၏ စစ်သည် များအား ဖျက်ဆီးရန် စေလွှတ်ခြင်းကို ခံယူထမ်းရွက်ခဲ့သည်။ ထိုနည်း တူစွာ ဒံယေလ ခြင်္သေ့တွင်း တွင်ကျရောက်စဉ်က ကောင်းကင်တမန်သည် တာဝန် အားဖြင့် ခြင်္သေ့တို့၏ နှုတ်ကိုပိတ်ထားခဲ့လေသည်။ ထိုနည်းတူစွာ ဒံယေလ ၉း၂၀–၂၃ တွင်လည်း ဒံယေလထံ သတင်းစကားကို ယူဆောင်ပေးခဲ့လေသည်၊ ဇာခရိ၊ မာရိ၊ ယောသပ် နှင့် သိုးထိန်းများ ထံသို့လည်း အလားတူပင်ဖြစ်သည်၊ သူတို့သည် နံ့ဝိညာဉ် လောက၌ ဘုရား ရှင်အတွက် အဆက်မပြတ် အစေခံ အမှုထမ်းနေကြသလို ဘုရားရှင် ၏ အလို တော်အား ဝန်ခံရန် အသင့်ရှိနေကြလေသည်။

ဂ။ ဘုရားလူတို့အား ကူညီဖေးမခြင်း။ ဟေဗြဲ ၁း၁၄ တွင် ဘုရားရှင်၏ လူတို့အား အစေခံ ကူကြရန် စေလွှတ်ခံထားကြသူများဖြစ်ကြောင်း အတိအလင်း ဆိုထားပါသည်။ ရှင်ဘုရင် ဒါဝိဒ်အား ဘုရားရှင်က သူ၏ “ ကောင်းကင်တမန်တို့အား သင့် အဘို့မှာ ထား သည်ဖြစ်၍ ... သူတို့သည် သင့်ကို လက်နှင့်မစ ချီပင့်ကြလိမ့်မည်” ဟု ဆာလံ ၉၁း၁၁–၁၂ တွင် မိန့်ဆိုခဲ့ပါသည်။ တမန်တော်များ အချုပ်ထောင်ထဲမှ လွတ်စေရန်၊ ဧလိယ အား အစာရေစာကျွေးရန်၊ လောတ အား သောဒုံ တရားစီရင်ခြင်းမှ လွတ်အံ့သော ငှါငှင်း၊ အဲသယောပိ အမတ်ကြီးအား ဧဝံဂေလိဝေငှစေရန် ဖိလိပ္ပုကိုငှင်း၊ ပေတရုအား ကောနေလိထံ ကယ်တင်ခြင်းတရားလမ်းပြညွှန်ရန်ငှင်း၊ ကောင်းကင်တမန်တို့သည် ကူညီလမ်းပြခဲ့ကြလေသည်။ အချို့က ငှင်းတို့သည် မဿဲ ၁၈း၁၀ ၌ ပါရှိသော ကောင်းကင် တမန်များဖြစ်ကြပြီး ထိုအကြောင်းကြောင့် ယုံကြည်သူတိုင်း အဖို့ ကိုယ်စောင့်နတ် ကောင်းကင်တမန်များ ရှိကြသည်ဟု ယုံကြည်ကြလေသည်။

*၄။ ဆိုးသောကောင်းကင်တမန်တို့၏ လုပ်ဆောင်မှုများ။*

က။ နတ်ဆိုးတို့၏ အမည်များ။ ငှင်းတို့အား နတ်ဆိုး၊ ဝိညာဉ်ဆိုး၊ ဆိုးသော ကောင်းကင်တမန်၊ ညစ်ညူးသောဝိညာဉ်၊ မကောင်းဆိုးဝါးများ စသည်ဖြင့် အမည်နာမ များစွာ ရှိကြပြီး၊ ငှင်းတို့အားလုံးသည် စာတန်မာရ်နတ်၏ နောက်လိုက်နောက်ပါငယ်သားများပင်ဖြစ်လေသည်။

ခ။ ဘုရားအမှုအားတားဆီးရန်။ “ဘုရားအမှု မာရ်နတ်က ကပျက်ယပျက်ပြု”ဆိုသော စကားပုံ အတိုင်းဖြစ်လေသည်။ တမန်တော် ၁၆ တွင် နတ်ဆိုးစွဲသော အမျိုးသမီးသည် ရှင်ပေါလု ဧဝံဂေလိ ဝေငှလေရာတွင် လမ်းတလျှောက် ထပ်ချပ်မကွာ လိုက်ပါ၍ သာသနာ အရေးတွင် ကာယရေး၊ စိတ်ဓါတ်ရေးတွင် အဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် အဆုံး၌ ငှင်းအမျိုးသမီးအား ဝင်ရောက်ပူးကပ်နေသော နတ်ဆိုးအား နှင်ထုတ် သောအခါမှသာ ငြိမ်းရေလေသည်။ နတ်ဆိုးတို့သည် ဘုရားရှင်၏ သာသနာနှင့် ဧဝံဂေလိတရား အတွက် အမြဲဟန့်တားနှောင့်ယှက်တတ်ကြလေသည်။

ဂ။ မှားယွင်းသော ဩဝါဒကို အားပေးအားမြှောက်ပြုခြင်း။ ဓမ္မရာဇဝင် တတိယ စာစောင် အခန်းကြီး ၂၂ တွင် အာဟပ် ဘုရင်အား စစ်ပွဲ၌ ကျဆုံးစေရန် မှားယွင်းသော ဩဝါဒ အား တိုးပွားစေရေးအတွက် လူတွေကို အသုံးပြုနေသော နတ်ဆိုးတို့၏ ဋ္ဌပ် ဆောင်မှုကို အတိုင်းသား တွေ့မြင်နိုင်ပါသည်။ နောက်ဆုံးသော ဆုတ်ကပ်ကာလတွင် “ လှည့်စားတတ်သော စိတ်ဝိညာဉ်တို့၌ငှင်း၊ နတ်ဘုရားတို့နှင့် စပ်ဆိုင်သော ဩဝါ ဒတို့၌ငှင်း ” သတိထားကြရန် ရှင်ပေါလုက ၁ တိ ၄း၂ တွင် ပြောထားသကဲ့သို့ ရှင် ယောဟန် ကလည်း ခပ်သိမ်းသော စိတ်ဝိညာဉ်တို့ကို မယုံပဲ ခွဲခြားပိုင်းဖြတ်၍ ယုံရန် ပြောထား ရခြင်းက မိစ္ဆာလူ အများဤလောကတွင် ရှိနေကြောင်းနှင့် ခရစ်တော်အား ငြင်းပယ် သူမှန်သမျှသည် ဘုရားရှင် နှင့် လုံးဝမစပ်ဆိုင်ကြောင်း အတိအလင်း ဆိုထား ခဲ့ပါပြီ ( ၁ ယော ၄း၁–၃)။

ဃ။ လူတို့တွင် ဝင်ပူး၍နေလိုကြခြင်း။ ခရစ်ဝင်ကျမ်းတို့တွင် နတ်ဆိုးပူးခြင်းကို အကြိမ်များစွာ ဖေါ်ပြထားသည်။ ခရစ်တော်ဘုရားက လူတဦးမှ ထွက်သွားသောနတ်ဆိုးသည် နေစရာရှာမတွေ့သဖြင့် အခြားသော အပေါင်းအဖေါ် နတ်ဆိုး ခုနှစ်ဖေါ်ကို ခေါ်ကာ ထွက်လာခဲ့သော သူ၏ကိုယ်ထဲသို့ ဝင်ပူး၍ ဗိမ္မာန်သဖွယ်ပြုကာ နေထိုင်ကြောင်း မိန့်တော်မူခဲ့ပါသည် ( မဿဲ ၁၂း၄၃–၄၅)။ ဂါဒရမြို့ မှ သုချိုင်းအတွင်းတွင် နေထိုင်သော နတ်ဆိုးလေဂေါင်သည် ခရစ်တော်ဘုရားက ထွက်သွားရန် အမိန့်တော်စကား မြွက်ဆိုသောအခါ သူတို့အားလုံး ဝက်တို့၏ ရုပ်ခန္ဓာများအတွင်းသို့ ဝင်ရောက် ရပါမည့် အကြောင်း အခွင့်တောင်းကြလေသည် ( မာကု ၅း၁၂)။ လူတို့တွင် ပူး၍ ဗိမ္မာန် သဖွယ် ပြု၍နေလိုကြသည်မှာ လူအား ဘေးပြု၊ မပြုမှီတိုင်အောင် အဘယ်ကြောင့် နေလိုကြောင်း မသိနိုင်ပါ။

င။ လူတို့အား ဘေးဥပါဒ်ဖြစ်စေရန်။ မြောက်များစွာသောအရာတွင်းမှ မာကု ၉း၁၇–၂၇ တွင် နတ်ဆိုးဝင်ပူးသော သားအား ကျန်းမာခြင်းရစေရန် ခရစ်တော်ဘုရားထံ ခေါ်ဆောင် လာသော ဖခင်တဦးပင်ဖြစ်သည်။ နတ်ဆိုးသည် သူ၏သားငယ်အား စကား မပြောနိုင်စေရန် နှင့် ရံဖန်ရံခါ သားအား မီးထဲသို့ငှင်း၊ ရေထဲသို့ငှင်း လဲကျစေခြင်းငှါငှင်း ပြုတတ်ကြောင်းပြောပြီး၊ သူ၏သားငယ်သည် ခရစ်တော်ရှေ့ ရောက်သောအခါ “ထို နတ်သည် ကိုယ်တော်ကို မြင်လျှင် ချက်ခြင်း သူငယ် ကို တောင့်မာစေသခြင့် သူငယ်သည် မြေပေါ်မှာ လဲ၍ အမြုပ်ထွက်လျက် ကိုယ်ကိုလှိမ့်လျက်နေ၏” ခရစ်တော်ဘုရားက ထွက် သွားရန် မိန့်တော်မူသောအခါ“ နတ်သည် အော်ဟစ်၍ အလွန်တောင့်မာစေပြီးမှ ထွက်သွား၏၊ သူငယ်သည် သေသကဲ့သို့ ဖြစ်၏” နတ်ဆိုးနှင့် အမှောင့်တို့သည် ဝင်ပူးပြီး နောက်တွင် ကိုယ်ခန္ဓာအား ဘေးဖြစ်စေလေသည်။ ယုံကြည်သူတို့တွင်ကား ဝိညာဉ် တော် ဘုရား ကိန်းဝပ်နေတော်မူသောကြောင့် နတ်ဆိုးတို့သည် လုံးဝ ဝင်ရောက် မပူးနိုင်ပါ။ ဖျားနာခြင်းစသော အရာကိစ္စမှန်သမျှသည် နတ်ဆိုးဟူ၍ မမှတ်သင့်သလို ယနေ့ ခေတ်တွင် ထိုအဖြစ်မျိုး ရှိသည်ကိုလည်း သိသင့်လှပေသည်။

ကောင်းကင်တမန်အကြောင်းနှင့် ပါတ်သက်၍ ကျွန်ုပ်တို့ သာ၍ သိလိုငြားလည်း၊ ယနေ့ မမြင်ရသော အရူပ ခေါ် နံ့ဝိညာဉ် လောကတို့၏ စစ်မက်တို့နှင့်အတူ အဘယ်မျှ ကျွန်ုပ်တို့ကို ဂရုစိုက်တော်မူကြောင်း လုံလောက်စွာ ဖေါ်ပြထားလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ သည် ကောင်းကင်တမန်တို့ အကြောင်းအား အလုပ်မရှိ အလုပ်ရှာကာ အားကိုးပြုရန် မလိုပေ။ ကောင်းကင် တမန်များအား ကိုးကွယ်ရန် မလိုကြောင်း (ကောလော ၂း၁၈၊ ဗျာဒိတ် ၂၂း၈–၉) နှင့် ဆုတောင်း၊ ဆုခြွေလည်း ငှင်းတို့ထံတွင် မပြုသင့်ကြောင်း ပြောထားပါသည်။ နောက်ဆုံးသောနေ့ရက်မှာ ကောင်းကင် တမန်များနှင့် အတူ ကျွန်ုပ်တို့အတူတကွ ပေါင်းစည်း၍ ဘုရားရှင်အား ကိုးကွယ်ကြရမည်ဖြစ်သည်။

**ဆယ်မြှုရယ် စိုးလွင်**




The LORD'S Word 4-175

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; **thelordword@gmail.com**. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; **lord's word** တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ ***friend request*** လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။